KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဖွန်လ ၁၅ရက်, ၂၀၁၈ခုနှစ် / KHRG စာအမှတ်-18-3-NB1

# ၂၀၁၈ခုနှစ် ဧပြီလတွင် ဖာပွန်မြို့နယ်ရှိ ဌာနေဒေသခံ ကရင်တိုင်းရင်းသားခေါင်းဆောင် စောအိုမူးအား တပ်မတော်စစ်တပ်မှ သတ်ဖြတ်ခဲ့ခြင်း

*၂၀၁၈ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့၌ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ထီးစီးထပလော (သို့) တရီပလော လယ်ကွင်းပြင်နားအစပ်တွင် စောအိုမူးကို တပ်မတော်စစ်တပ်မှ ပစ်သတ်ခဲ့သည်။ စောအိုမူးသည် ပြည်တွင်းရွှေ့ ပြောင်းဒုက္ခသည်များ (IDPs)အား ကူညီရန် လူသားချင်းစာနာထောက်ပံ့မှုအကူအညီများစသည့် လုပ်ဆောင်ရန်အစီ အစဉ်များကို ဆွေးနွေးရန်အတွက် အစည်းအဝေးတစ်ခုတက်ရောက်ခဲ့ပြီး အိမ်သို့ပြန်လာနေစဉ်တွင် သတ်ဖြတ်ခံရခြင်း ဖြစ်သည်။ ယခုအချိန်ထိ တပ်မတော်သည် စောအိုမူး၏ကျန်ရှိသူ မိသားစုများအား စောအိုမူး၏ရုပ်အလောင်းကို ၎င်း တို့၏မိရိုးဖလာ ကရင်တိုင်းရင်းသားတို့၏ဓလေ့အရ မြေမြှုပ်သင်္ဂြိုလ်ပေးခြင်းများ ပြုလုပ်ရန် ခွင့်မပြုခဲ့သည့်အပြင် ပြန်လည်အပ်နှံပေးခြင်းလည်း မရှိခဲ့ပေ။ ဤသတင်းအကျဉ်းချုပ်သည် စောအိုမူးက သူ၏ဒေသခံအသိုင်းအဝန်းအ တွက် လုပ်ဆောင်ပေးခဲ့သည့် အရေးကြီးသော လုပ်ရပ်များကို အသိအမှတ်ဂုဏ်ပြုခြင်းဖြင့် သူ၏သေဆုံးမှုအပေါ် တပ်မတော်မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)၏ လိုက်နာစောင့်ထိန်းရမည့် ကတိ ကဝတ်များကို မည်ကဲ့သို့ ချိုးဖောက်ခဲ့သည့်အကြောင်းအရာများကို သုံးသပ်စိစစ်သွားမည်ဖြစ်သည်။* [1]

## နိဒါန်း

ဌာနေတိုင်းရင်းသား ကရင်လူထုခေါင်းဆောင် စောအိုမူးသည် ၂၀၁၈ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့တွင် တပ်မတော် စစ်တပ်မှ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိသော သတင်းအချက်အလက် များအရ စောအိုမူးသည် လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ထီးစီးထပလော (သို့) တရီပလော လယ်ကွင်းပြင်အနားစပ်တွင်ရှိ ဝါ့ကလိုးထဒေသတွင် ရောက်ရှိနေစဉ် တပ်မတော် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ)အမှတ်(၃၅၁)သည် ၎င်းအား ပစ်သတ်ခဲ့သည်။ စောအိုမူးသည် ပြည်တွင်းစစ်ပြေးဒုက္ခသည်များအား ကူညီရန် လူသားချင်းစာနာထောက်ပံ့မှုအကူအညီများစသည့် လုပ်ဆောင်

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံအဖွဲ့ဝင်ထံမှ ရရှိသောသတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

ရန်အစီအစဉ်များကို ဆွေးနွေးရန်အတွက် အစည်းအဝေးတစ်ခုတက်ရောက်ခဲ့ပြီး အိမ်သို့ပြန်လာနေစဉ်တွင် ပစ်သတ်ခံရခြင်း ဖြစ်သည်။ စောအိုမူး အသတ်မခံရအချိန်တွင် သူသည် ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO) တပ်ရင်းအမှတ် (၁) လက်အောက်ခံ တပ်ခွဲအမှတ်(၂)မှ ဒုတပ်ရင်းမှူးဖြစ်သည့် စောဆဲဘလုဒိုနှင့် အတူတူ ဆိုင်ကယ်စီးနင်းလာခဲ့သည်။ ၎င်းဒုတပ်ရင်းမှူးသည် လယ်မူပလောသို့သွားပို့ပေးရန်အတွက် စောအိုမူးအား အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

စောအိုမူးသည် လယ်မူပလောသို့သွားရန်ဆိုင်ကယ်စီးနင်နေသည့်အချိန်တွင် ပစ်သတ်ခံရခဲ့သည်။ ၎င်း၏ရုပ်အလောင်းကို ဘယ်မှာရှိမှန်း ယခုအချိန်ထိ မည်သူမျှမသိရှိရသေးချေ။ သို့သော် ဒုတပ်ရင်းမှူးသည် စောအိုမူးအပစ်သတ်ခံရသည့် နေရာတွင် သူ၏လက်နက်ကြီးကျည်ဆံလေးလုံးကို ထားခဲ့ပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ စောအိုမူး၏ဆိုင်ကယ်သည် ထိခိုက်ပျက်စီးခဲ့ပြီး ၎င်းဆိုင်ကယ်၏ဘယ်ထရီကိုလည်း တပ်မတော်မှ ယူဆောင်သွားခဲ့သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်သားများသည် စောအိုမူးအား ပစ်သတ်ခဲ့သည့်နေရာတွင် သွားရောက်ခဲ့သည့်အချိန်တွင် မြေပြင်ပေါ်တွင် စောအိုမူး၏သွေးစက်များနှင့် ၎င်း၏ပျက်စီးနေသည့်ဆိုင်ကယ်ကိုသာ တွေ့ခဲ့ရသည်။ စောအိုမူး၏ရုပ်အလောင်းကို မတွေ့ရှိခဲ့ရသည့်အတွက်ကြောင့် ဒေသခံရွာသားများက စောအိုမူးကို တပ်မတော်က သေသည့်အထိ နှိပ်စက်ခဲ့သည်ဟု ထင်မြင်ယူဆကြသည်။ ရွာသားများသည် တပ်မတော်က စောအိုမူး၏အလောင်းကို တစ်နေရာတွင် လျှို့ဝှက်စွာ မြှုပ်နှံခဲ့သည်ဟု ယုံကြည်နေကြသည်။

## စောအိုမူး၏ကိုယ်ရေးအကျဉ်းချုပ်

စောအိုမူးသည် လယ်မူပလောဒေသတွင် နေထိုင်သော ဌာနေတိုင်းရင်းသားတစ်ဦးဖြစ်ပါသည်။ သူသည် အသက်၄၂နှစ် အရွယ်ရှိပြီး အသက်ရှင်ကျန်ရစ်သော ကလေးခုနစ်ယောက်နှင့် အမျိုးသမီးတစ်ဦးရှိသည်။ သူ၏အငယ်ဆုံးသားသည် အသက် (၁၀)လ အရွယ်သာရှိသေးသည်။ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှုကွန်ယက် (KESAN)[2] ၏ သတင်းမှတ်တမ်းပြုချက်အရ စောအိုမူးသည် သဘာဝပတ်ဝန်းကျင်၊ ကရင်မိရိုးဖလာဓလေ့များ၊ ကရင်ဘိုးဘွားပိုင်နယ်မြေများနှင့် ဌာနေကရင်တိုင်းရင်းသားအခွင့်အရေးတို့၏ ကာကွယ်စောင့်ရှောက်သူတစ်ဦး ဖြစ်သည်။ သူသည် ဌာနေကရင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးအဖြစ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်လုပ်ဆောင်သူလည်းဖြစ်သည်။ စောအိုမူးသည် ဒေသခံအဖွဲ့အစည်းများဖြစ်သည့် Salween Peace Park ဆိုသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် လူသောဖောဒေးတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း လုပ်ပေးသူတစ်ဦးလည်းဖြစ်သည်။ ထို့မျှမက စောအိုမူးသည် ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးစသည့်အရာများကိုလည်း စိတ်ဝင်စားပြီး ချစ်မြတ်နိုးသူတစ်ဦးလည်းဖြစ်သည်။ ၂၀၁၈ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့ မနက်ပိုင်းတွင် တပ်မတော်မှ ဆိုင်ကယ်စီးနင်းလာသော အခြားသောရွာသားများကို ပစ်ခတ်ခဲ့သည့် အကြောင်းအရာများကိုလည်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့သည်။[3]

## စောအိုမူးအသတ်ခံရခြင်း - နိုင်ငံတကာလူ့အခွင့်အရေးနှင့် NCA ၏ လိုက်နာရမည့် ကတိကဝတ်များကို ချိုးဖောက်ကျူးလွန်ခြင်း

[2] ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှု ကွန်ယက် (KESAN) မှ ၂၀၁၈ခုနှစ် မေလတွင် ထုတ်လွှင့်ခဲ့သော "Saw O Moo: Defender of Indigenous Karen Territories, the Environment and Way of Life", KESAN, May 2018 ကိုကြည့်ပါ။

[3] ဤသတင်းအချက်အလက်များကို လူသောမြို့နယ်မှ ၂၀၁၈ခုနှစ်၊ မေလအတွင်းရရှိခဲ့သော မထုတ်လွှင့်ရသေးသည့် အစီရင်ခံစာမှ ကောက်နုတ်ထားပါသည်။

စောအိုမူး၏အမျိုးသမီးဖြစ်သော နော်က---သည် ပဋိပက္ခကာလအတွင်း သူမ၏အမျိုးသားသည် ဘာကြောင့် ခရီးသွားနေခဲ့ရသည်ကို ရှင်းပြခဲ့သည်။ စောအိုမူးယုံကြည်ထားသည်မှာ NCA[4] ၏ လိုက်နာစောင့်ထိန်းရမည့် ကတိကဝတ်များကြောင့် တပ်မတော်သည် သူ့အား ပစ်သတ်လိမ့်မည်မဟုတ်ဟု ထင်မြင်ခဲ့မိသည်။ သူအသတ်မခံရသည့်အချိန်တွင် တပ်မတော်သည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများ၏ ရည်ရွယ်ချက်ကိုရှင်းပြရန်အအတွက် ပြည်သူလူထုများသွားလာနေသည့်လမ်းများတွင် စာစောင်များချထားပြီး ဒေသခံရွာသားများနှင့်လည်း ဆက်ဆံရေးပိုမို၍ ကောင်းမွန်လာအောင် တည်ဆောက်ခဲ့သည်။ ၎င်းစာစောင်များတွင် တပ်မတော်မှ ဒေသခံရွာသားများအား ထိခိုက်နာကျင်စေမည့်လုပ်ရပ်များကို မပြုလုပ်ပါဟု ဖော်ပြထားပါသည်။

သို့သော်ငြားလည်း တပ်မတော် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခြေမြန်တပ်ရင်းအမှတ် (၃၅၁) သည် ၎င်းတို့၏ကတိစကားများကို စောင့်ထိန်းခြင်းမရှိဘဲ လက်နက်မရှိသည့်အရပ်သား စောအိုမူးအား ပစ်သတ်ခဲ့ပါသည်။ စောအိုမူးနှင့် ဆိုင်ကယ်အတူအတူစီးလာသော ဒုတပ်ရင်းမှူးသည် သေနတ်နှစ်လက်နှင့် လက်နက်ကြီးကျည်ဆံလေးလုံးကိုကိုင်ဆောင်လာသော်လည်း စောအိုမူးအသတ်ခံရခြင်းသည် NCA ၏ လိုက်နာစောင့်ထိန်းရမည့် ကတိကဝတ်များကို ချိုးဖောက်ကျူးလွန်နေသည့်လုပ်ရပ်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၅ ရက်နေ့ မနက်ပိုင်းအချိန်တွင် တပ်မတော်မှ ဆိုင်ကယ်စီးနင်းလာသော အခြားရွာသားများကိုလည်း ပစ်ခတ်ခဲ့သည့်သတင်းအကြောင်းအရာများကိုလည်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့ပါသည်။

တပ်မတော်မှ စောအိုမူးကို ပစ်သတ်ခဲ့သည့် လုပ်ရပ်သည် NCA ၏လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းချက်များဖြစ်သည့် အခန်း(3)၊ အပိုင်း(9) (ခ)ကို ချိုးဖောက်ရာဖြစ်စေသည်။ နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များသဘောတူ ထားချက်အရ "*ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက် ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်း မပြုလုပ်ရ*" ဖြစ်သည်။ ၎င်းအပြင် တပ်မတော်သည် အ ပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) [5] တွင် ပါရှိသော အခန်း(၃)ကို ချိုးဖောက်ကျူးလွန် ခဲ့သည်။ ယင်းအခန်း(၃)၏ ဖော်ပြချက်ထဲတွင် "*လူသားတိုင်းသည် အသက်ရှင်ရန် လွတ်လပ်မှုအခွင့်အရေးနှင့် လုံခြုံစိတ်ချမှုအခွင့်အရေးများရှိသည်*" ဟု ဆိုပါသည်။ တပ်မတော်မှ စောအိုမူးကို ပစ်သတ်ခြင်းသည် စစ်ရာဇ ဝတ်မှုတစ်ခုလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

---

[4] ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ရက်နေ့တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (၁၅)ဖွဲ့များမှ နိုင်ငံရေးစားပွဲဆွေးနွေးပွဲသို့ တက်ရောက်လာသော KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် (၈)ဖွဲ့နှင့် Nationwide Ceasefire Agreement (NCA) တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့သည်။ ၎င်းလက်မှတ်ထိုးသည့်အခမ်းအနားနှင့် ပတ်သက်၍ Reuters မှ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ရက်နေ့တွင် ရေသားထုတ်ဝေခဲ့သည့် “Myanmar signs ceasefire with eight armed groups,” ကို ဖတ်ရှုပါ။ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ရက်နေ့တွင် KNU နှင့် မြန်မာအစိုးရတို့မှ ပဏာမအပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ်ကို ဘားအံမြို့တွင် လက်မှတ်ထိုးခဲ့ပြီးနောက်ပိုင်းတွင် ၎င်း NCA ကို အကောင်အထည်ဖော်ဆောင်ခဲ့သည်။ ကရင်လူထုများနှင့် KNU သည် အပစ်အခတ်ရပ်စဲရေးမှ စစ်မှန်သော နိုင်ငံရေးဆွေးနွေးဝိုင်းသို့ အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်ပြောင်းလဲမှုများ သိပ်မရှိဟု ၎င်းတို့၏စိုးရိမ်မှုများကို တင်ပြခဲ့သည်။ ဤအကြောင်းအရာများကို Karen News မှ ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ရေးသား ထုတ်ဝေခဲ့သည့် “KNU Chair Highlights Weaknesses In The NCA During Anniversary Celebrations” နှင့် DVB မှ ၂၀၁၇ခုနှစ် အောက်တိုဘာတွင် ရေးသားထုတ်ဝေခဲ့သည့် “NCA signatories urge govt to reboot peace process” တို့ကို ဖတ်ရှုပါ။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (၂)ဖွဲ့မှ NCA ကို မြန်မာအစိုးရ၏ဖိအားပေးမှုအောက်မှာ လက်မှတ်ထိုးချုပ်ဆိုခဲ့သည်။

[5] ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကို ၁၉၄၈ခုနှစ် ဒီဇင်ဘာလ တွင် ရေးဆွဲခဲ့သော “Universal Declaration of Human Rights” ကို ကြည့်ပါ။

၎င်းလုပ်ရပ်မျိုးသည် ၁၉၄၉ခုနှစ်တွင် လက်မှတ်ထိုးခဲ့ သော ဂျီနီဗာသဘောတူညီချက်ထဲတွင် ပါဝင်သော အခန်း(၃)တွင် အရပ်သားများအား သတ်ဖြတ်ခြင်းကို တားမြစ်ထားပါသည်။ [6]




အထက်ပါပုံများသည် ၂၀၁၈ခုနှစ်၊ ဧပြီလ၊ ၁၃ရက်နေ့တွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ တရီပလော ခေါ် ထီးဆီးထာပလောလယ်ကွင်းပြင်အစပ်နားတွင် ရိုက်ယူခဲ့သည်။ ပထမပုံသည် တပ်မတော် တောင်ပိုင်း တိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခြေမြန်တပ်ရင်းအမှတ် (၃၅၁)မှ စောအိုမူးကို ပစ်သတ်ခဲ့သောနေရာတွင် စောအိုမူး ဆိုင်ကယ်၏ပုံဖြစ်သည်။ တပ်မတော်သည် စောအိုမူး၏ဆိုင်ကယ်ကို ယူမသွားပဲ ဆိုင်ကယ်ဝါယာကြိုးများကို ဖျက်စီးပြီး ဘတ်ထရီကို ယူဆောင်သွားခြင်းဖြစ်သည်။ ဒုတိယပုံသည် စောအိုမူး၏ သွေးများနှင့် တပ်မတော်ပစ်ခတ်ခဲ့သည့် ကျည်ဆံများကြောင့် ထိမှန်သွားသော ဝါးများ၏ပုံဖြစ်သည်။ *(ဓာတ်ပုံများ - KHRG)*

တပ်မတော်မှ သတင်းမှန်ပြန်ကြားရေးအဖွဲ့သည်[7] အဆိုပါဖြစ်ပျက်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ခု ကြေငြာခဲ့သည်။ ၎င်းထုတ်ပြန်ချက်တစ်ခုမှာ တပ်မတော်က စောအိုမူးအားရပ်ဟု အမိန့်ပေးရာမှ ထွက်ပြေးသွား ကြောင်းဆိုပြီး ဖြစ်ရပ်မှန်များကို ငြင်းဆိုဖုံးကွယ်ခဲ့ပါသည်။ ဤထုတ်ပြန်ချက်ထဲတွင် တပ်မတော်သည် ဒေသခံရွာသားနှစ်ဦးအား အကြမ်းဖက် တိုက်ခိုက်မှုများနှင့် မိုင်းများထောင်သည့်လုပ်ရပ်များတွင် ပါဝင်ပတ် သက်ခဲ့သည့်ဆိုပြီး မသင်္ကာ၍ ပစ်ခတ်ခဲ့သည်ဟု ဖော်ပြထားပါသည်။ ၎င်းတို့သည် မမှန်ကန်သော သက်သေအထောက်အထားများဖြင့် သေဆုံးသွားသည့်ရွာသားတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ဤထုတ်ပြန်ချက်ကို The Irrawaddy သတင်းမီဒီယာမှလည်း ထည့်သွင်းဖော်ပြထားပါသည်။[8]

တပ်မတော်ထုတ်ပြန်ချက်နှင့်ပတ်သတ်ပြီး စောအိုမူး၏အမျိုးသမီး နော်က---၏ ပြန်လည်ပြောပြချက်အရ သူမ၏အမျိုးသားသည် တပ်မတော်မှ သူ့အားပစ်ခတ်ခဲ့သည့်အချိန်တွင် သူသည် ထွက်ပြေးနိုင်လိမ့်မည် မဟုတ်ဟု သူမယုံကြည်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စောအိုမူးပစ်ခတ်ခြင်းခံရသည့်နေရတွင် သစ်ပင်ဝါး ပင်များ ဘေးပတ်လည်တည်ရှိနေပြီး ထိုနေရာတွင် သူ၏သွေးစက်များကို တွေ့ရှိခဲ့ရခြင်းကြောင့်ဖြစ်သည်။

---

[6] ၎င်းသဘောတူညီချက်ကို International Committee of Red Cross ၏ဝက်ဒ်ဆိုက်တွင် ဖော်ပြထားသော ကမ္ဘာ့ကုလ သမဂ္ဂညီလာခံမှ ၁၉၄၉ခုနှစ်တွင် ရေးဆွဲခဲ့သော “Practice Relating to Rule 89. Violence to Life” ကို ကြည့်ပါ။

[7] ၎င်းထုတ်ပြန်ချက်ကို တပ်မတော်မှ သတင်းပြန်ကြားရေးအဖွဲ့မှ Facebook စာမျက်နှာတွင် ဖော်ပြထားသော “ခေးပူ-လွယ်မူပလောလမ်းကြောင်း ပြုပြင်ဖောက်လုပ်နေမှုအား NCA လက်မှတ် ရေးထိုးထားသည့် KNU တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အအစည်းမှ နယ်မြေခံတပ်မှူးအချို့မှ နားလည်မှုလွဲမှားခြင်းနှင့် စိုးရိမ်စိတ် ကြီးမှုတို့ဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းနှင့် မိုင်းထောင်ခြင်းများ ဆောင်ရွက်ချက်အပေါ် သတင်းထုတ်ပြန်ချက်” ကိုကြည့်ပါ။

[8] ၎င်းကိစ္စနှင့်ပတ်သက်၍ The Arrawaddy သတင်းဌာနမှ ၂၀၁၈ခုနှစ် ဧပြီလတွင် ထုတ်ဝေသော “Tatmadaw Claims Killed Karen Community Leader Was a Plainclothes Fighter” တွင် ကြည့်ပါ။

စောအိုမူးနှင့်ခရီးအတူသွားခဲ့သည့် စောဆဲဘလုဒိုသည် ဤကဲ့သို့ပြောဆိုခဲ့ပါသည်။ "*ကျွန်တော်ဗမာစစ်သားများကိုတွေ့တဲ့ အချိန်မှာ ကျွန်တော်ဆိုင်ကယ်ပေါ်ကခုန်ဆင်းပြီး တစ်ခါတည်းထွက်ပြေးသွားခဲ့ပါတယ်။ စောအိုမူးက ဆိုင်ကယ်ကို ချက်ချင်းမရပ်နိုင်တဲ့အတွက်ကြောင့် သူ့ကိုပစ်လိုက်ပါတယ်။ ကျွန်တော် တောထဲကို ထွက်ပြေးတဲ့အချိန်မှာ သေနတ်သံ တွေကို ကြားလိုက်ပါတယ်*"။ ၎င်း၏ပြောဆိုချက်များကို Burma Link သတင်းဌာနမှ ဖော်ပြထားပါသည်။[9]

**စစ်ဘက်ဆိုင်ရာ လမ်းပြုပြင်ဖောက်လုပ်မှုသည် တိုက်ပွဲများနှင့် နေရာရွှေ့ပြောင်းခံရခြင်းကို ဖြစ်ပေါ်စေခြင်း**

၂၀၁၇ ခုနှစ် နိုဝင်ဘာလကစပြီး[10] KNLA နှင့် တပ်မတော်ကြားတွင် အခြေအနေတင်းမာမှု စတင်ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် လယ်မူပလော နှင့် ခေးပူကျေးရွာအုပ်စုကို ဆက်သွယ်ထားသည့်လမ်းကို စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများ အတွက် အသုံးပြုရန် ၎င်းလမ်းကို ပြန်လည်ပြုပြင်ဖောက်လုပ်ခဲ့သည်။ အဆိုပါလမ်းကို ပြုပြင်ဖောက်လုပ်သော တပ်မတော် တပ်ဖွဲ့များသည် တောင်ငူခရိုင်မှ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဖြစ်သည်။ ၎င်းတောင်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ၎င်းလမ်း ဖောက်လုပ်မှုနှင့်ပတ်သက်ပြီး KNLA နှင့် ညောင်လေးပင်ခရိုင် အာဏာပိုင်များကို ကြိုတင်အကြောင်းကြားခဲ့ကြောင်း Burma Link သတင်းဌာနမှ ရေးသားဖော်ပြထားသည်။[11]

ဤလမ်းသည် ကရင်အမျိုးသားအဖွဲ့အစည်း (KNU) နယ်မြေအတွင်း၌တည်ရှိနေသည်။ ဒေသခံရွာသားများသွားလာအသုံးပြုသည့်လမ်းလည်းဖြစ်သည်။ တပ်မတော်သည် ဒေသခံရွာသားများနှင့် KNU အာဏာပိုင်များဆီမှ ခွင့်ပြုချက်မရရှိဘဲ ဌာနေကရင်တိုင်းရင်းသားများ ထိန်းသိမ်းစောင့်ရှောက်သည့် သစ်တောနယ်မြေများနှင့် ဒေသခံရွာသားများ၏ လယ်ယာမြေများကို ဖြတ်ပြီး ၎င်းလမ်းကို ဖောက်လုပ်ခဲ့သည်။ ဒေသခံရွာသားများ ခရီးသွားလာရာတွင် အလွန်အန္တရာယ်များလှပါသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်သည် ရွာသားများအပေါ် အကြိမ်းဖက်ခြင်းများ ပြုလုပ်နေသောကြောင့်ဖြစ်သည်။ စစ်လှုပ်ရှားမှုအတွက်အသုံးပြုရန် ဖောက်လုပ်နေသည့်လမ်းသည် ဒေသခံရွာသားများအတွက် မည်မျှအန္တရာယ်ရှိသည်ကို တပ်မတော်မှ ပစ်သတ်ခဲ့သည့် စောအိုမူး၏ သေဆုံးမှုသည် သက်သေသာဓကတစ်ခုဖြစ်သည်။

ဖာပွန်ခရိုင်ရှိ တပ်စခန်းများတွင် အခြေချသော တပ်မတော်စစ်သားများသည် လမ်းပြုပြင်ဖောက်လုပ်သည့် အခြားတပ်မတော်စစ်သားများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ရသည်။ စစ်လှုပ်ရှားမှုများ အသုံးပြုရန် ပြုပြင်ဖောက်နေသည့်လမ်းသည် ကျေးရွာအုပ်စုသုံးအုပ်စုအတွင်းရှိ ဒေသခံရွာသားများ၏ လယ်ယာ၊ တောင်ယာများနှင့် အများပိုင်သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးစေခဲ့သည်။ ၎င်းကျေးရွာအုပ်စုသုံးအုပ်စုများမှာ စောမူပလော၊ လယ်မူပလောနှင့် ခေးပူကျေးရွာအုပ်စုတို့ဖြစ်ကြသည်။ ၎င်းလမ်းပြုပြင်ဖောက်လုပ်မှုကြောင့် မြေယာပျက်စီးမှုများနှင့် မြေယာအသိမ်းခံရမှုများရှိနေသော်လည်း တပ်မတော်သည် ဒေသခံရွာသားများနှင့် တိုင်ပင်ဆွေးနွေးခြင်းမရှိသည့်အပြင် ရွာသားများအား နစ်နာကြေးများ ပေးလျော်ခြင်း မရှိခဲ့ပေ။

---

[9] စောဆဲဘလုဒို၏ပြောပြချက်နှင့်ပတ်သက်၍ Burma Link သတင်းဌာနမှ ၂၀၁၈ခုနှစ် ဧပြီလတွင် ထုတ်ဝေသော "Tatmadaw Claims Killed Karen Community Leader Was a Plainclothes Fighter" ကို ကြည့်ပါ။

[10] ဤသတင်းအချက်အလက်များကို မထုတ်ဝေရသေးသည့် အစီရင်ခံစာမှ ကောက်နုတ်ထားခြင်းဖြစ်သည်။

[11] လမ်းပြုပြင်ဖောက်လုပ်ရန် တပ်မတော်မှ KNU အာဏာပိုင်များအား ကြိုတင်အကြောင်းကြားနှင့်ပတ်သက်၍ Burma Link သတင်းဌာနမှ ၂၀၁၈ခုနှစ် ဧပြီလတွင် ထုတ်ဝေသော "Tatmadaw Claims Killed Karen Community Leader Was a Plainclothes Fighter" တွင် ကြည့်ပါ။

တပ်မတော်သည် KNU ထိန်းချုပ်သည့်နေရာဒေသတွင် KNU ၏ ခွင့်ပြုချက်မရရှိဘဲ စစ်လှုပ်ရှားမှုအတွက် လမ်းကို ပြုပြင်ဖောက်လုပ်ခြင်းကြောင့် တပ်မတော်သည် NCA ၏လိုက်နာစောင့်ထိန်းရမည့် ကတိကဝတ်များအောက်တွင်ရှိသည့် အခန်း (၈)၊ အပိုင်း (ခ) ဆိုသည့်အချက် ကျူးလွန်ချိုးဖောက်ခဲ့သည်။ ယင်းအခန်း(၈)၊ အပိုင်း (ခ)တွင် ဖော်ပြထားသည်မှာ *"တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသော နယ်မြေအတွင်း လက်နက်ဖြင့်သွားလာရန်လိုအပ်ပါက နှစ်ဖက်ညှိနိုင်းသဘောတူညီချက်ဖြင့် သွားလာရန်"* ဖြစ်သည်။

ဒေသခံပြည်သူလူထုများသည် ဤစစ်ဆိုင်ရာလှုပ်ရှားမှုအတွက် အသုံးပြုရန် ပြုပြင်ဖောက်လုပ်ထားသည့်လမ်းကို ခွင့်ပြုသဘောတူထားခြင်း မရှိဟု စောအိုမူး၏အမျိုးသမီး နော်---က ပြောဆိုတင်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံရွာသားများသည် သယ်ယူပို့ဆောင်ရေးအတွက်စသည့်လိုအပ်ချက်များကိုသာ အသုံးဝင်ဖြည့်ဆည်းနိုင်မည့်လမ်းကို ဆောက်လုပ်ခဲ့ချင်သောကြောင့်ဖြစ်သည်။ ထို့အတွက်ကြောင့်၂၀၁၈ခုနှစ်၊ မတ်လ၊ ၅ရက်နေ့တွင် တပ်မတော်နှင့် KNLA ကြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အကျိုးဆက်အနေဖြင့် စောအိုမူး၏မိသားစုဝင်များအပါအဝင် ဒေသခံရွာသားပေါင်း ၂၀၀၀ ကျော် နေရာရွှေ့ပြောင်းခဲ့ရသည်။

**စောအိုမူး၏မိသားစုအပေါ် အကျိုးသက်ရောက်မှုများ**

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ စောအိုမူး၏အမျိုးသမီး နော်က---အား တွေ့ဆုံမေးမြန်းခဲ့သည်မှာ *"ကျွန်မရဲ့အမျိုးသားကို အသက်ပြန်ရှင်လာအောင် သူတို့(တပ်မတော်)ကို တောင်းဆိုရင် သူတို့ လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်မနေတဲ့နယ်မြေ (ဖာပွန်ခရိုင်)ကနေ သူတို့ ပြန်ထွက်သွားဖို့ တောင်းဆို ချင်ပါတယ်။ သေဆုံးသွားတဲ့ ကျွန်မရဲ့အမျိုးသားအတွက် နစ်နာကြေးတွေမလိုချင်ပါဘူး။ ကျွန်မကသာ သူတို့ပြန်ဖို့အတွက် လျော်ကြေးပေးရရင်တောင် စိတ်ချမ်းသာပါတယ်။ ဒါဟာ ကျွန်မရဲ့အကြီးဆုံးအိမ်မက်ဖြစ်ပြီး တပ်မတော်ကိုပြောလိုချင်ပါတယ်"* ဟုပြောဆိုထားပါသည်။



ဤဓါတ်ပုံသည် ၂၀၁၈ခုနှစ်၊ ဧပြီလ၊ ၁၄ရက်နေ့တွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ လယ်မူပလောဒေသတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံတွင် စောအိုမူး၏အမျိုးသမီး ၃၅နှစ်အရွယ် နော်က---၏ ပုံဖြစ်သည်။ နော်က---သည် သူမ၏အမျိုးသားအား တပ်မတော်မှ ပစ်သတ်ခြင်းကို အသေးစိတ် ရှင်းလင်းပြောဆိုတင်ပြခဲ့သည်။ သူမသည် တပ်မတော်မှ သူမ၏အမျိုးသားသေဆုံးမှုအပေါ် တာဝန်ယူဖြေရှင်းရန် ငြင်းဆိုခဲ့သည့် ထုတ်ပြန်ချက်နှင့်ပတ်သက်၍ သူမ၏ထင်မြင်ချက်များကို

လည်း တင်ပြခဲ့သည်။ သူမ၏မိသားစုအခက်အခဲများကို လည်း ရှင်းပြခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*

စောအိုမူး၏အမျိုးသမီးသည် တပ်မတော်စစ်သား များ ဌာနေတိုင်းရင်းသားနေထိုင်သည့်နယ်မြေက နေဆုတ်ခွာပေးရန် တပ်မတော်အား တိုက်တွန်းခဲ့ သည်။ သူမသည် သူမ၏ကလေးများနှင့် အသိုင်းအဝန်းအတွက် စစ်မှန်သောငြိမ်းချမ်းရေးကိုသာ လိုချင်ပါသည်။ သူမသည် သူမနေထိုင်သည့် ရွာ ဒေသတွင် ငြိမ်းချမ်းစွာ ပြန်နေထိုင်ပြီး လယ်ယာ လုပ်ကိုင်နိုင်ခွင့်ကလွဲပြီး မည်သည့်အခြားအရာမျှ မလိုအပ်ကြောင်းပြောဆိုခဲ့သည်။

KNLA နှင့် တပ်မတော်ကြားတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စောအိုမူး၏မိသားစုဝင်များ သည် ယခုအချိန်တွင် တောထဲတွင် ရွှေ့ပြောင်း တိမ်းရှောင်နေရပါသည်။ နေရပ်ပြောင်းရွှေ့ခံရမှု သည် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ စောအိုမူး၏အမျိုးသ မီးသည် သူမ၏ကလေးများ၏ ကျန်းမာရေးနှင့် ပ ညာရေးအတွက် သူမ၏အမျိုးသားမရှိဘဲ တစ် ယောက်တည်းသာ ရုန်းကန်နေရပါသည်။ ဤကဲ့ သို့ကိစ္စရပ်မျိုးသည် နေရပ်ရွှေ့ပြောင်းခံရသော အ မျိုးသမီးတစ်ယောက်အတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ *"တပ်မတော်တွေရဲ့လုပ်ရပ်တွေ ကြောင့် ကျွန်မ အခုတောထဲမှာ ရွှေ့ပြောင်းနေ ထိုင်နေရတယ်။ ဒါကြောင့် ကျွန်မ အခုရင်ဆိုင်နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ကတော့ စားနပ်ရိက္ခာ မလုံလောက်မှုနဲ့ ကျန်းမာရေးပြဿနာတွေဘဲ ဖြစ်တယ်"* ဟု သူမက ပြောပြခဲ့သည်။

### နိဂုံးချုပ်

တပ်မတော်မှ စောအိုမူးကို ပစ်သတ်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ကျူးလွန်သည်သာမက NCA ၏ လိုက်နာရမည့် ကတိကဝတ်များကိုလည်း ချိုးဖောက်ခြင်းလည်းဖြစ်သည်။[12] စောအိုမူး၏သေဆုံးမှုသည် သူ၏အမျိုးသ မီးနှင့် ကလေးများအပေါ် များစွာထိခိုက်စေပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ၎င်းတို့၏အနာဂတ်အတွက် စိုးရိမ်နေရပါသည်။ ကရင်ရိုးရာအစဉ်အလာတွင် အဖေသည် မိသားစုအတွက် အဓိကကျသောခိုနားရာနေရာဖြစ်သည်။ သူ၏သေဆုံးမှုသည် ကရင်ဒေသခံပြည်သူလူထုများအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုဖြစ်သလို ဒေသခံပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ပေးသော ဌာနေတိုင်းရင်းသားခေါင်းဆောင်တစ်ဦး ဆုံးရှုံးနေရခြင်းလည်း ဖြစ်သည်။

---

[12] ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ရက်နေ့တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (၁၅)ဖွဲ့များမှ နိုင်ငံရေးစားပွဲဆွေးနွေးပွဲသို့ တက်ရောက်လာသော KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် (၈)ဖွဲ့နှင့် Nationwide Ceasefire Agreement (NCA) တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့သည်။ ၎င်းလက်မှတ်ထိုးသည့်အခမ်းအနားနှင့် ပတ်သက်၍ Reuters မှ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ရက်နေ့တွင် ရေသားထုတ်ဝေခဲ့သည့် "Myanmar signs ceasefire with eight armed groups," ကို ဖတ်ရှုပါ။ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ရက်နေ့တွင် KNU နှင့် မြန်မာအစိုးရတို့မှ ပဏာမအပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ်ကို ဘားအံမြို့တွင် လက်မှတ်ထိုးခဲ့ပြီးနောက်ပိုင်းတွင် ၎င်း NCA ကို အကောင်အထည်ဖော်ဆောင်ခဲ့သည်။ ကရင်လူထုများနှင့် KNU သည် အပစ်အခတ်ရပ်စဲရေးမှ စစ်မှန်သော နိုင်ငံရေးဆွေးနွေးဝိုင်းသို့ အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်ပြောင်းလဲမှုများ သိပ်မရှိဟု ၎င်းတို့၏စိုးရိမ်မှုများကို တင်ပြခဲ့သည်။ ဤအကြောင်းအရာများကို Karen News မှ ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ရေးသား ထုတ်ဝေခဲ့သည့် "KNU Chair Highlights Weaknesses In The NCA During Anniversary Celebrations" နှင့် DVB မှ ၂၀၁၇ခုနှစ် အောက်တိုဘာတွင် ရေးသားထုတ်ဝေခဲ့သည့် "NCA signatories urge govt to reboot peace process" တို့ကို ဖတ်ရှုပါ။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (၂)ဖွဲ့မှ NCA ကို မြန်မာအစိုးရ၏ဖိအားပေးမှုအောက်မှာ လက်မှတ်ထိုးချုပ်ဆိုခဲ့သည်။

## Mu Traw (Hpapun) District




Karen Human Rights Group (KHRG)